O နေရေးထိုင်ရေ ထိပ်သို့

# 2 နေထိုင်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ အပြုအမူများ၊ ဓလေ့ထုံးစံများ

## 2−2 နေထိုင်မှုဆိုင်ရာစည်းမျဉ်စည်းကမ်းများ၊ အပြုအမူများ။ ။အမှိုက်

(1) **အမှိုက်စွန့်ပစ်နည်းအခြေခံစည်းမျဉ်းစည်းကမ်းများ၊ အမှိုက်သိမ်းဆည်းသည့်နေ**

အိမ်မှထွက်လာသည့်အမှိုက်များကို မြို့နယ်အဆင့်အလိုက် သိမ်းဆည်းနေပါသည်။ သတ်မှတ်ထားသောနေ့၌ သတ်မှတ်ထားသော ပုံစံဖြင့် စွန့်ပစ်ရပါမည်။ ပထမဦးဆုံး မြို့နယ်ရုံး၌ အမှိုက်စွန့်ပစ်ပုံစွန့်ပစ်နည်းနှင့်ပတ်သက်သော လက်ကမ်းစာကို ရယူကာ စွန့်ပစ်ရမည့်နေရာ၊ နေ့၊ အချိန်နှင့် အမှိုက်ခွဲခြားစွန့်ပစ်ပုံစသည့်ကို လေ့လာထားရမည်။ ထို့ပြင် တိုက်ခန်းကဲ့သို့ အဆောက်အအုံတစ်ခု၌ စုပေါင်းနေထိုင်သည့်သူများသည် စီမံထိန်းသိမ်းမှုရုံးသို့ စုံစမ်းမေးမြန်းထားရန်လည်းလိုအပ်ပါသည်။

(2) **အမှိုက်ခွဲခြားစွန့်ပစ်ခြင်း**

နေရာဒေသအလိုက် အမှိုက်ခွဲခြားစွန့်ပစ်ပုံမတူကြပါ။ အကြမ်းဖျင်းအားဖြင့် မီးရှို့ရသောအမှိုက်၊ မီးရှို့မရသောအမှိုက်၊ အမှိုက်အကြီးစားဟု အနည်းဆုံး ၃မျိုးခွဲခြားထားသည်။ ယေဘူယျအားဖြင့် အမှိုက်ခွဲခြားစွန့်ပစ်ပုံသည် အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| **မီးရှို့ရသောအမှိုက်** | မီးဖိုဆောင်ထွက်အမှိုက်စို၊ စက္ကူ ၊ သစ်တိုသစ်စ၊ အဝတ်အထည် (သယံဇာတအမှိုက်အနေဖြင့် သတ်မှတ်သည့် မြို့နယ် လည်း ရှိသည်။) |  |
| **မီးရှို့မရသောအမှိုက်** | သံတိုသံစ၊ မှန်စ၊ ကြွေထည်ပစ္စည်း၊ အသေး စာလျှပ်စစ်စက်ပစ္စည်း၊ ပလတ်စတစ်၊ ရာဘာစသည့် ပစ္စည်းများ |  |
| **အမှိုက်အကြီးစား** | အိမ်မှ မလိုအပ်ကာ စွန့်ပစ်သည့်အမှိုက်အနက် အရွယ်အစားအားဖြင့် အနား ၃၀cmထက် ကြီးသော ပရိဘောဂ၊ အိပ်ရာအသုံးအဆောင်၊ လျှပ်စစ်စက်ပစ္စည်း (Air Con ၊ TV ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် သည် ဤအမျိုးအစားထဲကို အကျုံးမဝင်ပါ။)၊ စက်ဘီး စသည်ပစ္စည်းများ |  |

## ○ နေရေးထိုင်ရေး

○ နေရေးထိုင်ရေ ထိပ်သို့

| | | |
|---|---|---|
| သယံဇာတအမှိုက် | သံဗူး၊ ဖန်ပုလင်း၊ ပလတ်စတစ်ဗူးခွံ၊ စက္ကူဗူး၊ သတင်းစာစသည့်များကို ပြန်လည်အသုံးပြုနိုင်သော သယံဇာတဟုသတ်မှတ်၍ သီးသန့်သိမ်းဆည်းသည့်မြို့နယ်များလည်း ရှိပါသည်။ အမှိုက်ခွဲခြားစွန့်ပစ်နည်းကို အသေးစိတ်ရှင်း ပြထားသည့် လက်ကမ်းစာကို မြို့နယ်ရုံးမှရယူကာ နေထိုင်သည့်လိပ်စာ၏ အမှိုက်ခွဲခြားစွန့်ပစ်နည်းအတိုင်း စွန့်ပစ်ရန် ဂရုစိုက်ရမည်။ | <br> |

※မြို့နယ်အပေါ်မူတည်၍ "Kanen Gomi" "Funen Gomi" ၊ "Moeru Gomi" "Moenai Gomi" ၊ "Moyaseru Gomi" "Moyasenai Gomi " ကဲ့သို့ အခေါ်အဝေါ်အမျိုးမျိုးရှိပါသည်။

※မီးရှို့သည့်အခါ အဆိပ်ဓါတ်ငွေ့ထွက်ပြီး အပူချိန်မြင့်တက်သောကြောင့် မီးရှို့စက် ပျက်ဆီးစေသော အမှိုက်ကို မီးရှို့မရသောအမှိုက်ဟု ယေဘုယျအားဖြင့် သတ်မှတ်မှုရှိခဲ့ပါသည်။ သို့သော်လည်း ယခုနောက်ပိုင်း အမှိုက်ခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ မြို့နယ်အလိုက် သတ်မှတ်ချက်များ ကွဲပြားလာသောကြောင့် သတိထားရန်လိုအပ်နေပါသည်။

※လက်တွေ့တွင် မီးရှို့ရသောအမှိုက်ဖြစ်သော်ငြားလည်း အမှိုက်ဖျက်ဆီးသည့်နည်းစနစ်နှင့် မြို့နယ်၏ သတ်မှတ်စည်းမျဉ်းများကြောင့် မီးရှို့မရသောအမှိုက်အနေဖြင့် စွန့်ပစ်ရသည့်မြို့နယ်လည်းရှိနိုင်ပါသည်။

※အမှိုက်နှင့်ပတ်သက်သည့်အခါ လက်တွေ့၌ မီးရှို့ရမရထက် မြို့နယ်အသီးသီးတွင် သတ်မှတ်စည်းမျဉ်းများအရ မီးရှို့ရသောအမှိုက်၊ မီးရှို့မရသောအမှိုက်၊ သယံဇာတအမှိုက်ဟု ခွဲခြားထားပါသည်။

**(3) တရားမဝင်အမှိုက်စွန့်ပစ်ခြင်း**

မမှန်မကန်စွန့်ပစ်ထားသည့်အမှိုက်များကို သိမ်းဆည်းပေးခြင်းမရှိပါ။သတ်မှတ်ထားသည့်နေရာမှလွဲ၍ မိမိသဘောဖြင့် အမှိုက်စွန့်ပစ်ထားခဲ့ပါက ဥပဒေအရ ပြင်းထန်စွာ အရေးယူအပြစ်ပေးခြင်ခံရပါမည်။ အိမ်နီးနားချင်းများကို အနှောင့်အယှက်ပေးသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ဆိုးကျိုးပေးနိုင်သောကြောင့် တရားမဝင်သည့်အမှိုက်ပစ်ခြင်းကို ရှောင်ကြဉ်ပါ။

**(4)** စည်ကမ်းမဲ့စွာအမှိုက်စွန့်ပစ်ခြင်းကို တားမြစ်သည့်စည်းမျဉ်းဥပဒေ

သောက်ပြီးဆေးလိပ်တို၊ ဗူးခွံ စသည့်များကို လမ်းဘေးတွင် စည်ကမ်းမဲ့**စွ**န့်ပစ်ခြင်းကို **တား**မြစ်သည့် စည်းမျဉ်းဥပဒေကို မြို့နယ်မြောက်မြားစွာတွင် ပြဋ္ဌာန်းထားသည်။ အလွန်ဆိုးရွာသည့်အဖြစ်အပျက်ကိုတွေ့ခဲ့လျှင် ဒဏ်ငွေရိုက်ခံသည့်အခါလည်းရှိနိုင်သလို နာမည်ကို ထုတ်ဖော်ကြေ**ညာ**သည့်အခါလည်းရှိနိုင်သည်။ အကယ်၍ စည်းမျဉ်းများမရှိသော်ငြားလည်း စည်ကမ်းမဲ့စွာ အမှိုက်များကို စွန့်ပစ်ခြင်းကို မပြုလုပ်ပါနှင့်။

**(5) အမှိုက်အကြီးစား သိမ်းဆည်းသည့်နည်းစနစ်**

Air Con ၊ TV ၊ ရေခဲသေတ္တာ၊ freezer၊ အဝတ်လျှော်စက်မှအပ အခြား လျှပ်စစ်စက်ပစ္စည်းများ သို့မဟုတ် ပရိဘောဂကဲ့သို့အမှိုက်အကြီးစားများ၏ သိမ်းဆည်းပုံသိမ်းဆည်းနည်းသည် မြို့နယ်အလိုက်ကွဲပြားနေပါသည်။

သိမ်းဆည်းသည့်ရက်သတ်မှတ်ထားသည့်မြို့နယ်လည်းရှိသလို ကြိုတင်မြို့နယ်ရုံးကို အကြောင်းကြား၍ သတ်မှတ်ပေးသည့်ရက်တွင် စွန့်ပစ်ရမည့်မြို့နယ်လည်းရှိပါသည်။ ထို့အပြင်ကြိုတင် အမှိုက်သိမ်းဆည်းခကို ပေးဆောင်ရမည်မြို့နယ်လည်းရှိပါသည်။ သိမ်းဆည်းခသည် အမှိုက်များ၏ အရွယ်အစား၊ အမျိုးအစားပေါ်မူတည်၍ ဈေးနှုန်းအနည်းအများရှိသည်။

အမှိုက်အကြီးစားစွန့်ပစ်နည်းကို မြို့နယ်ရုံး သို့မဟုတ် သန့်ရှင်းရေးရုံးသို့ စုံစမ်းမေးမြန်းနိုင်သည်။ အိမ်ပြောင်းသည့်အခါ အမှိုက်အကြီးစား မြောက်များစွာ စွန့်ပစ်ရန်ရှိလျှင် မြို့နယ်ရုံးနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**(6) အသုံးပြုထားသောအချို့လျှပ်စစ်စက်ပစ္စည်းအမှိုက်ကို ထပ်မံအသုံးပြုနိုင်ရန်သိမ်းဆည်းခြင်း**

အိမ်သုံးလျှပ်စစ်စက်ပစ္စည်းထပ်မံအသုံးပြုနိုင်ရန်သိမ်းဆည်းခြင်းဆိုင်ရာဥပဒေ (အချို့အိမ်သုံး လျှပ်စစ်စက်ပစ္စည်းများမှ ပြန်လည်၍ ကုန်ပစ္စည်းအဖြစ်အသုံးပြုခြင်းဆိုင်ရာဥပဒေ)အရ Air Con ၊ TV ၊ ရေခဲသေတ္တာ၊ freezer၊ အဝတ်လျှော်စက်များသည် မြို့နယ်အစီအစဉ်ဖြင့် သိမ်းဆည်း၍ မရနိုင်ပါ။ ၎င်းစက်များကို ဝယ်ယူခဲ့သည့်ဆိုင် သို့မဟုတ် စက်ပြန်ဝယ်မည့်ဆိုင်မှ သိမ်းဆည်းပေးရန် အခကြေးငွေပေးဆောင်ကာ လုပ်ဆောင်သွားရပါမည်။